အတွဲ - ၁၊ အမှတ်-၁၊ ၂၀၂၁ ခုနှစ်၊ ဇွန်လ။

MPRL E&P Pte Ltd.

# တိုးမြန်းမြေ သတင်းလွှာ

မန်းရေနံမြေဒေသဖွံ့ဖြိုးရေး
CSR လုပ်ငန်းဆောင်ရွက်ချက်များ

## မျိုးစေ့ရွေးချယ်မှုနှင့်အတူ ချိန်ဆစိုက်ပျိုးရသည့် ကုလားပဲသီးနှံ



မန်းရေနံမြေ၏ အဓိကစိုက်ပျိုးသီးနှံဖြစ်သည့် နှမ်း၊ ကုလားပဲ၊ နေကြာစိုက်ကွက်များအတွက် စိုက်ပျိုးရာသီ မတိုင်မီ ကြိုတင်ပြင်ဆင်ရသည့် လုပ်ငန်းတွင် မျိုးစေ့စီမံခန့်ခွဲမှုသည် အရေးပါသည့်လုပ်ငန်းတစ်ခု ဖြစ်သည်။ လာမည့်နှစ်စိုက်ပျိုးရာသီတွင် အရည်အသွေးပြည့် ကုလားပဲနှင့် နေကြာမျိုးများ အချိန်မီ စုစည်းရရှိနိုင်ရေးအတွက် စိုက်ပျိုးရေးဆိုင်ရာ အချက်အလက်များ စာရင်းပြုစုခြင်းနှင့် မျိုးစေ့ထုတ်လုပ်ရရှိမှုအခြေအနေများကို ဆန်းစစ်နိုင်ရန် ၂၀၂၁ ခုနှစ်၊ ဧပြီလတွင် MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်း အဖွဲ့ဝင်များက ကြာကန်ကျေးရွာ မျိုးစေ့စီမံခန့်ခွဲမှုကော်မတီဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ရေဆင်း (၆) အမျိုးအစား ကုလားပဲမျိုးစေ့များဖြင့် ပြီးခဲ့သည့် စိုက်ပျိုးရာသီတွင် ကုလားပဲ စိုက်ပျိုးထုတ်လုပ်ခဲ့သည့် ကြာကန်ကျေးရွာတွင် ဒေသခံများအခေါ် ကိုင်းမြေဟု ခေါ်သည့် ရေတက်ပြီးနောက် ရေကျသွားသည့် ရေဖုံးလွှမ်း ယာမြေများတွင် စိုက်ပျိုးခဲ့သော်လည်း ယခုနှစ်တွင် အဆိုပါကိုင်းမြေတွင် သောင်သဲပါဝင်မှုများပြားသည့်အတွက် ကုလားပဲ အထွက်နှုန်းလျော့နည်းခဲ့သည်။

ထို့ပြင် ရာသီဥတုအခြေအနေနှင့် အချိန်အခါကိုကြည့်၍ စိုက်ပျိုးသီးနှံအလိုက် ရွေးချယ်ချိန်ဆရာတွင် ပုံမှန်အားဖြင့် မန်းရေနံမြေ ထိစပ်ကျေးရွာများတွင် ကုလားပဲကို သီတင်းကျွတ်လပြည့် မတိုင်မီနှင့် လပြည့်ကျော်ရက်များတွင် (အောက်တိုဘာလအတွင်း) စိုက်ပျိုးလေ့ရှိပြီး အောက်တိုဘာလထက် နောက်ကျသည့်လများတွင် စိုက်ပျိုးသည့် ကုလားပဲသီးနှံများမှာ အသီးအောင်မြင်မှုလျော့နည်းခြင်းကြောင့် အထွက်နှုန်းလျော့နည်းလေ့ရှိသည်။ သီးနှံအောင်မြင်မှုအတွက် မျိုးစေ့ရွေးချယ်စိုက်ပျိုးမှု အရေးကြီးသည့်အပြင် မြေအမျိုးအစား၊ ရာသီဥတုနှင့် စိုက်ပျိုးချိန်ရွေးချယ်မှု မှန်ကန်ခြင်း၊ စိုက်ပျိုးသီးနှံများကို စဉ်ဆက်မပြတ်လေ့လာဆန်းစစ်ပြီး သီးနှံအလိုက် လိုအပ်သည့် စိုက်ပျိုးရေးအသိပညာ၊ နည်းပညာနှင့် အားထုတ်စိုက်ပျိုးခြင်းကလည်း အရေးပါသည့်အချက်ဖြစ်သည်။



စာမျက်နှာ-၃ ➤

## ဧရာဝတီကျန်းမာရေးအထောက်ကူပြု သင်တန်းကျောင်းနှင့်ပူးပေါင်း၍ သူနာပြုအကူ သင်တန်းသူများ အတွက်ပံ့ပိုးခြင်း ( ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်)

၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် မင်းဘူးမြို့ရှိ ဧရာဝတီကျန်းမာရေးအထောက်အကူပြု သင်တန်းကျောင်းနှင့် ပူးပေါင်း၍ မန်းရေနံမြေ ဒေသခံ (၃) ဦးကို (၂) လတာ သူနာပြုအကူသင်တန်း တက်ရောက်နိုင်ရန် CSR အစီအစဉ်ဖြင့် လိုအပ်သည်များ ပံ့ပိုးကူညီခဲ့ပါသည်။

သင်တန်းဝင်ခွင့်အောင်မြင်သည့် လေးအိမ်တန်းကျေးရွာမှ မဇလပ်ဝါက "ကျွန်မက သူနာပြုအကူတစ်ယောက်ဖြစ်လာဖို့ အမြဲစိတ်ဝင်စားခဲ့ပါတယ်။ MPRL E&P ရဲ့ CSR အစီအစဉ်အရ သူနာပြုအကူသင်တန်းအတွက် လျှောက်လွှာတွေ လက်ခံနေတဲ့အကြောင်းကို ကျေးရွာအုပ်ချုပ်ရေးမှူးကတဆင့် သိရှိခဲ့ပြီး လျှောက်လွှာချက်ချင်းတင်ခဲ့တာဖြစ်ပါတယ်။ ကျွန်မက လူနာတွေကို ကျန်းမာရေးစောင့်ရှောက်မှုပေးတဲ့ ပညာရပ်ကို သင်ကြားချင်ပြီး သက်ကြီးရွယ်အိုနဲ့ ကလေးငယ်တွေရဲ့ ကျန်းမာရေးကို စောင့်ရှောက်ပေးချင်ပါတယ်။ နောင်ဆိုရင် ရွာမှာ ကျန်းမာရေးဆေးပေးခန်းတစ်ခု ဖွင့်လှစ်နိုင်အောင်နဲ့ အဲဒီမှာ ကျန်းမာရေးစောင့်ရှောက်မှုပေးသူအဖြစ်နဲ့ လုပ်ကိုင်သွားချင်ပါတယ်။" ဟု ဆိုသည်။



စာမျက်နှာ-၃ ➤



# ၂၀၂၁-၂၀၂၂ ကျောင်းဖွင့်ရာသီအတွက် အသင့်ဖြစ်နေသည့် ကျောင်းသုံး ပရိဘောဂများ









ကျောင်းအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ကြာကန်နှင့် လေးအိမ်တန်းကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံဆွေးနွေးခြင်း

**MPRL E&P** သည် မန်းရေနံမြေဒေသခံများအတွက် ကျေးရွာအခြေခံအဆောက်အဦ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျေးရွာများရှိ အခြေခံပညာကျောင်းများ၏ အဆောက်အဦလိုအပ်ချက်အရ ဖြည့်ဆည်းတည်ဆောက်ခြင်း၊ ကျောင်းခြံစည်းရိုးခတ်ခြင်း၊ ရေသန့်စက်များတပ်ဆင်ခြင်း၊ ရေလှောင်ကန်နှင့် လက်ဆေးကန်များ တည်ဆောက်ခြင်း ၊ ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပံ့ပိုးခြင်း၊ သိပ္ပံခန်းအတွက် လိုအပ်သည့် ပစ္စည်းကိရိယာများထောက်ပံ့ခြင်းလုပ်ငန်းများကို ဘဏ္ဍာရေးနှစ်အလိုက် ဦးစားပေးအဆင့် သတ်မှတ်ချက်များနှင့်အညီ ပံ့ပိုးဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျေးရွာအခြေခံ အဆောက်အဦ ဖွံ့ဖြိုးရေးအစီအစဉ်၏ အခန်းကဏ္ဍတစ်ရပ် အနေဖြင့် မန်းရေနံမြေ ထိစပ်ကျေးရွာများအနက် ရွာသာ၊ ပေါက်ကုန်း၊ ချင်တောင်နှင့် ကွဲချကျေးရွာများရှိ အခြေခံပညာကျောင်းများအတွက် ကာလတန်ဖိုး ကျပ် စုစုပေါင်း ၂,၄၀၀,၀၀၀/ (ကျပ်နှစ်ဆယ့်လေးသိန်းတိတိ) တန်ဖိုးရှိ ကျောင်းသုံးဗီဒို၊ စားပွဲနှင့် ကုလားထိုင်များကို ပံ့ပိုးခဲ့ပြီး ဖြစ်ပါသည်။

ပြုပြင်မွမ်းမံရေးလုပ်ငန်းများ ဆောင်ရွက်ရပါက ကျောင်းသားများကို အခန်းပြောင်းရွှေ့ သင်ကြားနိုင်ရေး၊ စာသင်နှစ်ပြီးစီးသည့်အချိန်တွင် ကျောင်းပြုပြင်မွမ်းမံခြင်း လုပ်ငန်းအချို့ ဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ပါသည်။

| အခြေခံပညာကျောင်း | ကျောင်းသုံး ပရိဘောဂပစ္စည်းများ ပံ့ပိုးပြီးစီးသည့်နေ့ရက် | တန်ဖိုး (ကျပ်) |
|---|---|---|
| ရွာသာကျေးရွာ စာသင်ကျောင်း | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက် | ၁,၂၇၅,၀၀၀ |
| ချင်တောင်၊ ကွဲချကျေးရွာ စာသင်ကျောင်း | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၂၄) ရက် | ၆၁၅,၀၀၀ |
| ပေါက်ကုန်းကျေးရွာ စာသင်ကျောင်း | ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ (၃၁) ရက် | ၅၁၀,၀၀၀ |
| **စုစုပေါင်း လှူဒါန်းသည့် တန်ဖိုး** | | ၂,၄၀၀,၀၀၀ |

*မန်းရေနံမြေ ထိစပ်ကျေးရွာများရှိ စာသင်ကျောင်းများအတွက် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလအတွင်း ကျောင်းသုံးပရိဘောဂ ပစ္စည်းများ ပံ့ပိုးမှုစာရင်း*









၂၀၂၁-၂၀၂၂ **Contract Year** တွင် ဆောင်ရွက်မည့် ကျောင်းအခြေခံအဆောက်အဦ ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ငန်းများကို ညှိနှိုင်းဆောင်ရွက်နိုင်ရန် ကြာကန်နှင့် လေးအိမ်တန်းကျေးရွာများမှ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်တွေ့ဆုံ၍ လတ်တလောအခြေအနေများ ရှင်းလင်းတင်ပြပြီး လုပ်ငန်းစီမံချက်ဆိုင်ရာ ကာလသတ်မှတ်ချက်များကို ညှိနှိုင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခြင်း၊ ကျောင်းဖွင့်ကာလအတွင်း ကျောင်း

စာမျက်နှာ-၆ ➤

မျက်နှာဖုံးမှ အဆက် ➤





ကျေးရွာတောင်သူဖွံ့ဖြိုးရေးအသင်း ဖွဲ့စည်းနိုင်ရန် တွေ့ဆုံဆွေးနွေးခြင်း၊ ကုလားပဲ၊ နှမ်းနှင့် နေကြာမျိုးစေ့များ ဖြန့်ဝေခြင်း

MPRL E&P ၏ CSR လုပ်ငန်းအဖွဲ့ဝင်များက မန်းရေနံမြေ ထိစပ်ကျေးရွာ (၁၄) ရွာအတွင်း စိုက်ပျိုးသီးနှံအလိုက် စိုက်ခင်းများသို့ သွားရောက်ကာ သီးပင်အခြေအနေ ဆန်းစစ်ခြင်း၊ သီးနှံဖြစ်ထွန်းမှု နည်းပါးခြင်းနှင့် ပိုးကျခြင်း စသည့် သီးနှံအထွက်နှုန်းကို ထိခိုက်နိုင်သည့် အခြေအနေရှိသည့် သီးပင်များကို တွေ့ရှိပါက စိုက်ပျိုးတောင်သူများထံ အကြောင်းကြားခြင်း၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကွင်းဆင်းဝန်ထမ်းများသို့ အကြောင်းကြား၍ လိုအပ်သည့် အကြံဉာဏ်များတောင်းခံခြင်း၊ စိုက်ပျိုးတောင်သူများ ချိတ်ဆက်ပြီး နည်းပညာနှင့် အခြားလိုအပ်သည်များ ပံ့ပိုးနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

မျိုးစေ့စုဆောင်းခြင်း၊ အချက်အလက်ပြုစုခြင်း၊ မျိုးစေ့သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စိုက်ပျိုးတောင်သူများအတွက် အခြားလိုအပ်သည်များကို ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ ကြာကန်ကျေးရွာတွင် ဒေသခံစိုက်ပျိုးတောင်သူများဖြင့် မျိုးစေ့စီမံခန့်ခွဲမှုကော်မတီကို MPRL E&P ကုမ္ပဏီ၏ CSR အစီအစဉ်၏ တိုက်တွန်းပံ့ပိုးမှုဖြင့် ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလတွင် ဖွဲ့စည်းခဲ့သည်။

MPRL E&P ကုမ္ပဏီ၏ CSR လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် မန်းရေနံမြေ ထိစပ်ကျေးရွာ(၁၄) ရွာတွင် ချင်တောင်၊ ကျွဲချ၊ မန်းကျိုးနှင့် မယ့်ဘေ့ကုန်းတို့တွင် ကုလားပဲသီးနှံဖြစ်ထွန်းမှုအများဆုံးဖြစ်ပြီး အောက်ကျောင်းနှင့် ကြာကန်ကျေးရွာတို့တွင် ကုလားပဲသီးနှံကို ပိုမိုတိုးတက်စိုက်ပျိုးလာကြပြီး အထွက်နှုန်းတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ■





မျိုးစေ့စီမံခန့်ခွဲမှု ကော်မတီနှင့်တွေ့ဆုံဆွေးနွေးခြင်း



မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန (မင်းဘူး)၏ စိုက်ပျိုးနည်းဆိုင်ရာ ပံ့ပိုးမှုများ ရယူခြင်း





မန်းရေနံမြေ ထိစပ်ကျေးရွာများ၏ ကုလားပဲ စိုက်ပျိုးထုတ်လုပ်မှု အခြေအနေ

မျက်နှာဖုံးမှ အဆက် ➤

သင်တန်းကာလ (၂) လတာအတွင်း ရန်ကုန်မြို့ရှိ ရောဂတီ ပုဂ္ဂလိကသင်ကြားရေးဆေးရုံတွင် (၁) လတာ လက်တွေ့သင်ကြားရပြီး ကျောင်းတွင် (၁) လ လက်တွေ့ လေ့ကျင့်သင်ကြားရပြီး အဆိုပါသူနာပြုအကူ သင်တန်းသူ (၃) ဦး အနေဖြင့် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် ကဏ္ဍတွင် အရေးပါသည့် ကျန်းမာရေးဝန်ဆောင်မှုပေးသူများ ဖြစ်လာစေမည့် တစ်ကိုယ်ရေကျန်းမာရေး၊ အခြေခံသူနာပြုစုနည်း၊ ဘေးကင်းလုံခြုံရေးနှင့် အရေးပေါ်လုပ်ထုံးလုပ်နည်းများ၊ အချင်းချင်းချိတ်ဆက်ပြောဆို ညှိနှိုင်းသည့် အရည်အသွေးဆိုင်ရာ ဘာသာရပ်များကို လေ့လာသင်ယူခွင့် ရရှိခဲ့ပါသည်။

လက်ပံတောကျေးရွာနေ သင်တန်းသူတစ်ဦးဖြစ်သည့် မလှဝတ်ရည်လွင်က "ဒီသင်တန်းရဲ့ လက်တွေ့လေ့လာရတဲ့အပိုင်းမှာ နှာခေါင်းပိုက်၊ ဆီးပိုက်သွင်းတာ၊ ကျောက်ကပ်ဆေးကြောတာ၊ အဆုတ်အတွင်းမှအရည်စုပ်ထုတ်ခြင်း၊ သွေးပေါင်ချိန်တိုင်းတာခြင်း၊ သွေးတွင်းသကြားဓာတ် တိုင်းတာခြင်း၊ အကြောဆေးထိုးခြင်းနှင့် ဆေးသွင်းခြင်း၊ အသားဆေးထိုးခြင်း စတဲ့ ဘာသာရပ်မျိုးစုံ သင်ကြားရပါတယ်။ ဒါ့အပြင် အခြေခံသူနာပြုစုနည်း၊ လေဖြတ်လူနာများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်း၊ အကြောသန်မာလာအောင် လေ့ကျင့်ပေးခြင်း၊ ခန္ဓာကိုယ်လှုပ်ရှားပုံနှင့် အိမ်တွင်းကုထုံးတွေနဲ့ပတ်သက်ပြီးတော့လည်း သင်ကြားလေ့လာခဲ့ရပါတယ်။" ဟု ဆိုသည်။



မဇလပ်ဝါ
လေးအိမ်တန်းကျေးရွာ



မလှဝတ်ရည်လွင်
လက်ပံတောကျေးရွာ



မမိုးသန္တာနိုင်
ကျွဲချကျေးရွာ

အချိန်တိုအတွင်း ကျန်းမာရေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းခွင်သို့ ဝင်ရောက်နိုင်မည့် သင်တန်းသားများကို မွေးထုတ်ပေးသည့် သင့်လျော်သည့် သင်တန်းတက်ရောက်ပြီးစီးအောင်မြင်ပြီးပါက အဆိုပါ သူနာပြုအကူသင်တန်းသူ (၃) ဦးသည် အလုပ်အကိုင်ရရှိနိုင်မည်မှာလည်း သေချာနေပြီဖြစ်သည်။ မဇလပ်ဝါနှင့် မလှဝတ်ရည်လွင်တို့သည် မင်းဘူးမြို့ရှိ ဆေးပေးခန်းနှင့် ဆေးဆိုင်တို့တွင် အလုပ်အကိုင်သစ်များ ရရှိနေပြီ ဖြစ်ပါသည်။

တတိယမြောက်သင်တန်းသူ တစ်ဦးဖြစ်သည့် ကျွဲချကျေးရွာသူ မမိုးသန္တာနိုင်က "သင်တန်းပြီး ကတည်းက မင်းဘူးမြို့က ရောဂတီသင်တန်းကျောင်းမှာ လက်ထောက်နည်းပြအနေနဲ့ အလုပ်စလုပ်နေပြီ ဖြစ်ပါတယ်။ ဒီသင်တန်းပြီးတာနဲ့ ရလာတဲ့ အသိပညာတွေကို ချက်ချင်း အသုံးချနိုင်တဲ့အတွက် ဝမ်းမြောက်ပျော်ရွှင်မိပါတယ်။ အိမ်မှာဆိုရင်လည်း အခုဆို မိဘတွေနဲ့ အိမ်နီးချင်းတွေကို ကျန်းမာရေးစောင့်ရှောက်မှုတွေ ပေးနိုင်နေပါပြီ။ အခုကစပြီး ရွာမှာကိုယ်ပိုင်ဆေးဆိုင်လေးတစ်ခုဖွင့်ဖို့ ကြိုးစားပြင်ဆင်တော့မှာပါ။" ဟု ဆိုသည်။ ■



# ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့် အလုပ်အကိုင်အခွင့်အလမ်းသစ်ဆီသို့



**မန်း**ရေနံမြေတွင် ရေနံတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့် MPRL E&P ကုမ္ပဏီအနေဖြင့် မန်းရေနံမြေ ဒေသခံများအတွက် သက်မွေးပညာသင်တန်းများမှတဆင့် ဒေသခံလူငယ်များ ကောင်းစွာရရှိပြီး အလုပ်အကိုင်အခွင့်အလမ်းနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများကို တိုးတက်လုပ်ကိုင်နိုင်ရန် ရည်ရွယ်၍ စွမ်းရည်မြှင့်သင်တန်းများ ပို့ချခြင်း၊ အခြားဆက်စပ်သင်တန်းများ တက်ရောက်နိုင်ရန် ပံ့ပိုးဆောင်ရွက်ခြင်းတို့ကို ဘဏ္ဍာနှစ်အလိုက် သတ်မှတ်ဆောင်ရွက်လျက် ရှိပါသည်။

ယင်းသို့ ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများအတွက် ပံ့ပိုးဆောင်ရွက်ရာတွင် အမှတ် (၅) စက်မှုသင်တန်းကျောင်း (မကွေး)၊ အမှတ် (၄) စက်မှု သင်တန်းကျောင်း (ပခုက္ကူ)၊ စိုက်ပျိုးရေးသိပ္ပံ (ပွင့်ဖြူ) စသည့် အစိုးရ သက်မွေးပညာ သင်တန်းကျောင်းများနှင့် ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည့်အပြင် ဒေသတွင်းရှိ ပုဂ္ဂလိက သက်မွေးပညာသင်တန်းကျောင်းများနှင့်လည်း ချိတ်ဆက်၍ မော်တော်ဆိုင်ကယ် ပြုပြင်နည်းသင်တန်း၊ သူနာပြုအကူသင်တန်းတို့ကိုလည်း ဒေသခံများတက်ရောက်လေ့လာနိုင်ခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်ခဲ့ပါသည်။



၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလတွင် အေးမြကျေးရွာနေ မောင်ဖြိုးခန့်ကျော်က မင်းဘူးမြို့ရှိ "ဦးခိုင်ကြီး" မော်တော်ဆိုင်ကယ် ပြုပြင်ကျွမ်းကျင်မှုသင်တန်းကျောင်းသို့ တက်ရောက်ရန် ရွေးချယ်ခံရပြီး အဆိုပါ သင်တန်းကျောင်းတွင် (၃) လတာ စာတွေ့လက်တွေ့ သင်ကြားခဲ့ပါသည်။

မေလ တတိယပတ်တွင် သင်တန်းသားများကို စာတွေ့လက်တွေ့ အရည်အချင်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး သင်တန်းအောင်မြင်ပြီးစီးမှု အဆင့်အလိုက် အသိအမှတ်ပြုလက်မှတ်ကို အေးမြကျေးရွာနေ မောင်ဖြိုးခန့်ကျော်က လက်ခံရရှိခဲ့ပါသည်။

အဆိုပါ သင်တန်းသို့တက်ရောက်နိုင်ရန် သင်တန်းကာလတစ်လျှောက်တွင် MPRL E&P ၏ CSR အစီအစဉ်ဖြင့် သင်တန်းကြေးနှင့် အခြားလိုအပ်သည့် အထောက်အပံ့များကို ပံ့ပိုးခဲ့ပြီး သင်တန်းပြီးဆုံးပါက အလုပ်သင်ဝန်ထမ်းအဖြစ် အလုပ်ခန့်ထားနိုင်ရေးတို့ကို ဆွေးနွေးပြီးဖြစ်ပါသည်။



သင်တန်းမှူးအနေဖြင့် သင်တန်းပြီးစီးသည့် သင်တန်းသားများ၏ အောင်မြင်မှု အဆင့်သတ်မှတ်ချက်နှင့်အညီ သင်တန်းဆင်းလက်မှတ်များ ထုတ်ပေးခဲ့ပြီး အဆိုပါ အဆင့်သတ်မှတ်ချက်နှင့် လုပ်ငန်းကျွမ်းကျင်မှုအရ လစာချီးမြှင့်သွားမည်ဖြစ်ကာ သင်တန်းသားများကိုယ်တိုင် ဆိုင်ကယ်ပြုပြင်သည့် ဆိုင်ခွဲများဖွင့်လှစ်နိုင်ရန် လိုအပ်သည့် အကူအညီများလည်း ပံ့ပိုးနိုင်ရေး ဆွေးနွေးလျက်ရှိပါသည်။ ■












# မန်းဒေသ၏ GAP နှမ်းသီးနှံ











စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက မြန်မာနိုင်ငံတွင် စားသုံးသူများပြားပြီး ပို့ကုန်ထုတ်လုပ်မှုကို အထောက်အပံ့ဖြစ်စေသည့် အဓိကသီးနှံ (၁၅) မျိုး သတ်မှတ်ထားသည့်အနက် ဟင်းသီးဟင်းရွက်နှင့် စားသုံးသီးနှံများ အထူးသဖြင့် စပါး၊ ပဲမျိုးစုံနှင့် ပြောင်းတို့တွင် စိုက်ပျိုးရေးနည်းစနစ်ကောင်းများ (Good Agricultural Practices–GAP) စနစ်ကိုအသုံးပြုသည့်သီးနှံများ ပိုမိုထုတ်လုပ်နိုင်ရန် တွန်းအားပေးဆောင်ရွက်လျက် ရှိပါသည်။ GAP စနစ်တွင် တိကျသော စိုက်ပျိုးရေးဆိုင်ရာ စံသတ်မှတ်ချက်များအတိုင်း လိုက်နာစိုက်ပျိုးထုတ်လုပ်ရပြီး စားသုံးသူအတွက် အရည်အသွေးနှင့် အစားအစာ လုံခြုံစိတ်ချရမှုရှိစေမည့် အာမခံလက်မှတ်ပေးနိုင်သည်အထိ ဆောင်ရွက်နိုင်ရေး မူဝါဒချမှတ်ထားပါသည်။

MPRL E&P သည် ၂၀၂၁-၂၀၂၂ နှမ်းစိုက်ရာသီတွင် နှမ်းစိုက်တောင်သူများအနေဖြင့် GAP နည်းစနစ်ကို အသုံးပြုစိုက်ပျိုးနိုင်ရန် တန်ဖိုး ကျပ် ၃၀၅,၀၀၀/ကျပ် တန်ဖိုးရှိ နှမ်းမျိုးသန့် (၄) တင်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ်အတွင်း ဖြန့်ဝေခဲ့ပါသည်။

ထို့ပြင် ရေနံမြေ CSR လုပ်ငန်းအဖွဲ့ဝင်များက လာမည့်နှစ် စိုက်ပျိုးရာသီတွင် ဆက်လက်ဆောင်ရွက်မည့် စိုက်ပျိုးရေးလုပ်ငန်းအစီအစဉ်များအတွက် အကိုးအကားအဖြစ် အသုံးပြုနိုင်ရန် ရာသီအလိုက် စိုက်ပျိုးသီးနှံ အချိန်ဇယား ရေးဆွဲ၍ စနစ်တကျ ပြင်ဆင်ဆောင်ရွက်လျက် ရှိပါသည်။ GAP နှမ်းမျိုးများကို မျိုးပွားစိုက်ပျိုးလျက်ရှိသည့် နှမ်းစိုက်တောင်သူများ၏ စိုက်ပျိုးဧကအရေအတွက်ကို သိရှိနိုင်ရန်၊ GAP စိုက်ပျိုးနည်းလုပ်ငန်းစဉ်များကို စိုက်ပျိုးသည့် အဆင့်တိုင်းတွင် စနစ်တကျ လိုက်နာဆောင်ရွက်နိုင်ရန်၊ GAP စနစ်သုံး စိုက်ပျိုးရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ နည်းပညာနှင့် အခြားလိုအပ်သည့် အကူအညီများ ပံ့ပိုးဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ ၂၀၂၁ ခုနှစ် မေလအတွင်း နှမ်းစိုက်တောင်သူများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါသည်။ ■






# MPRL E&P ၏ အကြံပြု ဆွေးနွေးခြင်းလုပ်ငန်းစဉ်



MPRL E&P တွင် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်သည် လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ခြင်း၏ သက်ရောက်မှုများကို ထိခိုက်ခံစားရနိုင်သည့် ဒေသခံများအတွက် ပြန်လည်ကုစားရေးဆိုင်ရာ လုပ်ငန်းတစ်ရပ်ဖြစ်ပါသည်။ မိမိတို့ လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်မှုကြောင့် ဒေသခံများ၏ လူမှုဘဝတွင် နစ်နာမှုနှင့် အငြင်းပွားမှုများ ရှိလာပါက ဖြစ်စဉ်နှင့်ပတ်သက်၍ စနစ်တကျလက်ခံခြင်း၊ လေ့လာစုံစမ်းခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် ဖြေရှင်းမှုပြီးစီး ပိတ်သိမ်းခြင်းဟူသည့် လုပ်ငန်းများကို မျှတစွာဖြင့် အချိန်မှန်ဖြေရှင်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်တစ်ခု ဖြစ်ပါသည်။




*၂၀၁၄ ခုနှစ်မှ ယနေ့အထိ အကြံပြုစာစုစုပေါင်းနှင့် ဆိုင်းငံ့ဖြစ်ရပ်များ*

အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ကို စီမံခန့်ခွဲသည့် စနစ်သည် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများနှင့် ဦးစွာပထမ ထိတွေ့ဆွေးနွေးမှုကို အခြေခံနိုင်ရန် ရည်ရွယ်ထားကာ လက်တုံ့ပြန်နိုင်သည့် မည်သည့် အခြေအနေမျိုးကိုမဆို ကာကွယ်နိုင်မည့် ပုံစံတစ်ခုလည်းဖြစ်ပါသည်။ အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ် (Operational Grievance Mechanism-OGM) ကို မန်းရေနံမြေတွင် လုပ်ငန်းလုပ်ကိုင် ဆောင်ရွက်နိုင်မည့်လူမှုရေးအရ သဘောတူညီမှုကိုထိန်းသိမ်းဆောင်ရွက်နိုင်မည့် အဓိကကျသည့် လုပ်ငန်းတစ်ခုအနေဖြင့်လည်း မှတ်ယူဆောင်ရွက်လျက်ရှိပါသည်။

မန်းရေနံမြေကို အဓိက စီမံခန့်ခွဲလုပ်ကိုင်လျက်ရှိသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE)နှင့် အနီးကပ်ထိတွေ့ဆောင်ရွက်လျက်ရှိသည့် MPRL E&P အနေဖြင့် ဒေသခံများ၏ မည်သည့် နစ်နာမှုများကိုမဆို အကြံပြုဖော်ထုတ်လာပါက အချိန်တိုအတွင်း အမြန်ဆုံး ဖြေရှင်းနိုင်ရန် ရည်ရွယ်ပါသည်။ နစ်နာမှု အတိမ်အနက်ပေါ်မူတည်၍ အခက်အခဲ အမျိုးအစားအလိုက် သတ်မှတ်ဖော်ထုတ်မည်ဖြစ်ကာ ချက်ချင်းဖြေရှင်းဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်တိုင်းအတွက် အကြံပြုတင်ပြလာသူကို တင်ပြပြီးပြီးချင်း (၂၄) နာရီအတွင်းနှင့် (ဖြစ်ခဲ့ပြီး မိမိတို့ ဖြေရှင်းပေးနိုင်သည့် အတိုင်းအတာအတွင်းရှိသည့်) အချို့ကိစ္စရပ်များအတွက် အသေးစိတ်စုံစမ်းရန်နှင့် ဖြေရှင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် အများဆုံး ရက်ပေါင်း (၃၀) အတွင်း တုံ့ပြန်ဖြေရှင်းနိုင်ရန် ဆောင်ရွက်ထားပါသည်။

- **၁၄၀** အကြံပြုဆွေးနွေးတင်ပြမှု
- **၁၄၀** ဆွေးနွေးတင်ပြချက်အပေါ် ဖြေရှင်းဆောင်ရွက်မှု
- **၇** အကြောင်းပြန်ကြားရန် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁၄အတွင်း)
- **၉** ဖြေရှင်းဆောင်ရွက်ပြီးစီးရမည့် အချိန်ကာလ သတ်မှတ်ချက် (ပျမ်းမျှရက်ပေါင်း ၃၀ အတွင်း)
- **၁၀၀** လုပ်ငန်းစဥ်အပေါ် ကျေနပ်မှုရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း)
- **၉၈** ရလဒ်အပေါ် ကျေနပ်မှု ရာခိုင်နှုန်း သတ်မှတ်ချက် (၅၀ ရာခိုင်နှုန်း)
- **၁** ဖြေရှင်းဆောင်ရွက်ရန် အသိပေးကာလ သတ်မှတ်ချက် (ပျမ်းမျှ ၁ ရက်မှ ၃ ရက်)

*အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်ဆိုင်ရာ အရေးကြီးစွမ်းဆောင်ရည်ပြ အညွှန်းကိန်းများ (၂၀၂၁ခုနှစ်၊ ဇွန်လ)*





၂၀၂၁-၂၀၂၂ Contract Year ပထမသုံးလပတ်အတွင်း မန်းရေနံမြေနှင့် ထိစပ်ကျေးရွာများတွင် နေထိုင်ကြသည့် ဒေသခံများအနေဖြင့် ကုမ္ပဏီ၏လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်မှုကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်(သို့) သက်ရောက်မှု နစ်နာမှုတစ်စုံတစ်ရာရှိကြောင်း အကြံပြုစာပေးပို့မှု (၂) စောင်ရှိပါသည်။

သို့ဖြစ်၍ ၂၀၁၄ ခုနှစ်မှ ယနေ့အထိ ပေးပို့လာသော အကြံပြုစာအရေအတွက်စုစုပေါင်း (၁၄၀) စောင်ရှိပြီး အဆိုပါ အကြံပြုချက်များကို ဖြေရှင်းဆောင်ရွက်ရန် သတ်မှတ်ကာလအတွင်း ပြီးပြတ်အောင် ဖြေရှင်းဆောင်ရွက်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်မှ စတင်၍ မန်းရေနံမြေတွင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အကြံပြုဆွေးနွေးခြင်းလုပ်ငန်းစဉ်နှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်အပေါ် ကျေနပ်မှု ၁၀၀ ရာခိုင်နှုန်းရှိပြီး ဖြေရှင်းဆောင်ရွက် ခဲ့သည့် ရလဒ်အပေါ် ကျေနပ်မှု ၉၈ ရာခိုင်နှုန်း ရရှိပြီး ဖြစ်ပါသည်။ ■







*၂၀၂၁-၂၀၂၂ Contract Year ပထမ သုံးလပတ်အတွင်း ပေးပို့တင်ပြလာသည့် အကြံပြုစာပါ ပြင်ဆင်ပြုပြင်ရန် လိုအပ်သည်များကို ဖြေရှင်းဆောင်ရွက်ပြီးစီးမှု*









*လက်ခံရရှိပြီးနှင့် ဆွေးနွေးဖြေရှင်းပြီး အကြံပြုချက်များ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ - ၂၀၂၁ ခုနှစ် ၊ ဇွန်လ )*




*သုံးလပတ်အတွင်း လက်ခံရရှိပြီး ပိတ်သိမ်းခဲ့သော အကြံပြုချက်များ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ– ၂၀၂၁ ခုနှစ်၊ ဇွန်လ)*




*အမျိုးအစားအလိုက် စုစုပေါင်းအကြံပြုချက်နှင့် ဖြေရှင်းဆဲအကြံပြုချက်များ (၂၀၁၄ ခုနှစ်၊ စက်တင်ဘာလ– ၂၀၂၁ ခုနှစ်၊ ဇွန်လ)*

# ပြန်ကြားဆက်သွယ်ခြင်းလုပ်ငန်းများအတွက် သတင်းလွှာ၊ စာစောင်နှင့် သုံးလပတ် အစီရင်ခံစာများထုတ်ဝေခြင်း

MPRL E&P သည် မန်းရေနံမြေဆိုင်ရာ လုပ်ငန်းဆောင်ရွက်ချက်များကို သက်ဆိုင်ရာ လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများ သိရှိနားလည်ပြီး ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လအလိုက် CSR လုပ်ငန်းဆောင်ရွက်ချက်များကို စာရင်းစာပြုစု၍ ကျေးရွာ (၁၄) ရှိ ကြော်ငြာသင်ပုန်းများတွင် ဒေသခံများဖတ်ရှုနိုင်ရန် ၂၀၁၉ ခုနှစ် ဧပြီလမှ စတင်၍ လစဉ် အစီရင်ခံတင်ပြလျက် ရှိပါသည်။

အဆိုပါ လအလိုက် အစီရင်ခံစာတွင် မန်းရေနံမြေ ဒေသခံများအနေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု လုပ်ငန်းများအတွက် သတင်းအချက်အလက်များနှင့် မန်းရေနံမြေ ဒေသဆိုင်ရာ သိရှိနားလည်သင့်သည်များကို ဒေသခံများအနေဖြင့် ပိုမိုလက်လှမ်းမီနိုင်ရန် ရည်ရွယ်၍ "တို့မန်းမြေ" စာစောင်ကို မြန်မာဘာသာဖြင့် ၂၀၂၁-၂၀၂၂ Contract Year တွင် သုံးလတစ်ကြိမ် ပြောင်းလဲထုတ်ဝေနိုင်ရန် MPRL E&P ၏ CSR & Communications Department က စတင်ဆောင်ရွက်ခဲ့ပါသည်။

အဆိုပါစာစောင်ကို မန်းရေနံမြေ ဒေသခံများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပုံမှန်ပေးပို့ အစီရင်ခံရန် စီစဉ်ထားပြီး စာစောင်နှင့်ပတ်သက်၍ အကြံပြုစာလွှာများလည်း ဖိတ်ခေါ်လျက်ရှိပါသည်။ MPRL E&P ၏ CSR & Communications Department က ယခင် သုံးလတစ်ကြိမ် ထုတ်ဝေလျက်ရှိသည့် Insight! Newsletter အမှတ် (၂၇) ကို ၂၀၂၁ ခုနှစ် ဇွန်လကုန်တွင် ထုတ်ဝေခဲ့သည်။

အလားတူ MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်အစိုးရ အဖွဲ့အစည်းများနှင့် လုပ်ငန်းဆက်စပ်လုပ်ကိုင်သူများထံ ပုံမှန်တင်ပြ အစီရင်ခံလျက်ရှိသည့် CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ သုံးလပတ် အစီရင်ခံစာနှင့် မန်းရေနံမြေ၏ အကြံပြုဆွေးနွေးခြင်း လုပ်ငန်းဆိုင်ရာ သုံးလပတ် အစီရင်ခံစာများကို ပုံမှန်ရေးသား ထုတ်ဝေလျက်ရှိပါသည်။ ■




ပုံမှန်ထုတ်ဝေလျက်ရှိသည့် Insight! Newsletter အမှတ် (၂၇) မျက်နှာဖုံး



ဒေသခံများ လက်လှမ်းမီသိရှိနိုင်ရန် ရည်ရွယ်ထုတ်ဝေသည့် MPRL E&P ၏ CSR လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ လအလိုက်အစီရင်ခံစာ







၂၀၂၁-၂၀၂၂ Contract Year တွင် သုံးလတစ်ကြိမ် ပြောင်းလဲထုတ်ဝေမည့် "တို့မန်းမြေ"စာစောင် နမူနာပုံစံ

သုံးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိသည့် Insight! သတင်းလွှာ

# မန်းရေနံမြေထိစပ်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများဆက်ကပ် လှူဒါန်းခြင်း




MPRL E&P ၏ CSR အစီအစဉ်ဖြင့် ၂၀၂၁-၂၀၂၂ Contract Year ပထမသုံးလပတ်အတွင်းတွင် မန်းရေနံ ထိစပ်ကျေးရွာ (၁၄) ရွာရှိ ဘုန်းတော်ကြီးကျောင်း (၉) ကျောင်းသို့ ဆွမ်းဆန်၊ ဆီနှင့် အခြားလှူဖွယ်ပစ္စည်းများ ကို သွားရောက်ဆက်ကပ် လှူဒါန်းခဲ့ပါသည်။ ■














# စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးလုပ်ငန်းနှင့် ကိုယ့်အားကိုယ်ကိုးအမှိုက်သိမ်းစနစ်

**MPRL E&P** သည် တာဝန်သိစီးပွားရေးလုပ်ငန်းတစ်ရပ် အဖြစ် ခံယူထားပြီး မိမိတို့ လုပ်ငန်းလုပ်ကိုင်ရာ ဒေသတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စွန့်ပစ်အမှိုက်ကင်းစင်ရေးနှင့် ဒေသပတ်ဝန်းကျင် သာယာလှပရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ မင်းဘူး(စကု) မြို့နယ်စည်ပင်သာယာ နယ်နမိတ်အတွင်း ပါဝင်ခြင်းမရှိသည့် မန်းရေနံမြေထိစပ်ကျေးရွာ(၁၀)ရွာတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်တစ်ခု ဖြစ်ထွန်းလာစေရန် ၂၀၁၉ ခုနှစ် ဇန်နဝါရီလမှစ၍ သုံးလတာ ကနဦးစီမံချက်တစ်ရပ် ချမှတ်ကာ ကျေးရွာ (၈) ရွာတွင် ကိုယ့်အားကိုယ်ကိုး အမှိုက်သိမ်းစနစ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ ၂၀၁၉ ခုနှစ် ဧပြီလမှ စတင်၍ အဆိုပါစီမံချက်ကို ကျေးရွာ (၁၀) ရွာလုံးတွင် အကောင်အထည်ဖော်နိုင်ခဲ့ပြီး ၂၀၂၁ ခုနှစ်တွင် ကျေးရွာ (၁၃) ရွာတွင် အဆိုပါစနစ်ကို စနစ်တကျ အသုံးပြုလျက်ရှိပါသည်။ ■






အမှိုက်သိမ်းဝန်ဆောင်မှုနှင့် တာဝန်ယူ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရွာသာကျေးရွာ အုပ်ချုပ်ရေးမှူး၊ စေတနာ့ဝန်ထမ်းတို့နှင့်တွေ့ဆုံဆွေးနွေးခြင်း




*၂၀၂၁-၂၀၂၂ Contract Yean ပထမ သုံးလပတ်အတွင်း အမှိုက်သိမ်းဝန်ဆောင်မှု ပေးလျက်ရှိသည့်ကျေးရွာ (၁၃) ရွာ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို စောင့်ကြည့်လေ့လာခြင်း*


နမ္မဒါ
Nammadar
မြန်မာ့ချည်အိတ်နှင့်
ချည်ထည်
Myanmar Cotton Bags & Clothes
BUY LOCAL
SUPPORTING OUR COMMUNITY
Products of
Mann Field Communities
Contact Us:
Call : +95 9 683 305 257
Email : nammadar.culturalgifts@gmail.com


MAY NANT THAR
မေနံ့သာ
Handmade Facial & Body Soap
Product of Mann Field Communities
Hand Gel